**TMH Telecom Public Company Limited ၏ ၂၀၂၃ခုနှစ် စက်တင်ဘာလလ (၃၀) ရက် နေ့တွင်**
**ကုန်ဆုံးသည့် (၂၀၂၃-၂၄) ခုနှစ် ဘဏ္ဍာနှစ်ဝက်အပေါ်**
**စီမံခန့်ခွဲမှုအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်ကိုထုတ်ပြန်ကြေငြာခြင်း**

အောက်ဖော်ပြပါသုံးသပ်ချက်များသည်TMH Telecom Public Company Limited၏၂၀၂၃ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၃-၂၀၂၄)ခုနှစ် ဘဏ္ဍာနှစ်ဝက်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း ပေါင်းချုပ်ကို အခြေခံထားသော သုံးသပ်ထုတ်ပြန်ချက်ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်း များနှင့်အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။

ငွေကြေးဖော်ပြချက် အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

အနှစ်ချုပ်တင်ပြချက်များ

ကုမ္ပဏီ၏ဝင်ငွေရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)

| | April '2023 to September'2023 | April '2022 to September'2022 | % Change |
|---|---|---|---|
| Revenue | 3,337,348 | 1,714,152 | 95% |
| Cost of Goods Sold | -2,278,742 | -864,402 | 164% |
| Gross Profit | 1,058,606 | 849,750 | 25% |
| Other Income | 102,673 | 215,581 | -52% |
| Expenses | -994,792 | -1,169,241 | -15% |
| Profit before Tax | 166,487 | -103,911 | 260% |
| Tax Expense | -28,303 | | |
| Net Profit after Tax | 138,184 | -103,911 | 233% |
| Other Comprehensive Income for the Year | | | |
| Fair value adjustment of Investments | 10,395 | 17,325 | -40% |
| Total Comprehensive Income for the Year | 148,579 | -86,586 | 272% |

၂၀၂၃ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်ဝက်အတွက် ကုမ္ပဏီ၏ဝင်ငွေသည် ကျပ်ငွေ(၃.၃၄)ဘီလီယံရရှိခဲ့ပြီး၊ ၂၀၂၂ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသော (၂၀၂၂-၂၃)ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ပါက (၉၅)ရာခိုင်နှုန်းထိ တိုးမြင့်ရရှိခဲ့ပါသည်။ ကုမ္ပဏီ၏ ဝင်ငွေတိုးတက်လာသကဲ့သို့ လုပ်ငန်းသုံးစရိတ်သည်လည်း ယခင်ဘဏ္ဍာနှစ်ဝက်တွင် ကျပ်ငွေ(၁.၈၆) ဘီလီယံရှိခဲ့ရာမှ ယခုနှစ်ဝက်တွင် ကျပ်ငွေ(၂.၂၈)သို့ တိုးမြင့်လာခဲ့ပါသည်။ ကုမ္ပဏီ၏ အကြမ်းအမြတ်

ရရှိမှုသည်လည်း ယခင်(၂၀၂၂-၂၀၂၃)ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ပါက (၂၅)ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါသည်။ မိုဘိုင်းစီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရရှိလာသော အခြားဝင်ငွေသည် ယခုဘဏ္ဍာနှစ်ဝက်တွင် ကျပ်ငွေ(၀.၁၀)ဘီလီယံသာ ရရှိခဲ့ပါသည်။ ယခင်ဘဏ္ဍာနှစ်ဝက် တွင် အရှုံး(၀.၁၀)ကျပ် ဖြစ်ပေါ်ခဲ့သော်လည်း ယခုဘဏ္ဍာနှစ်ဝက်တွင် အမြတ်ငွေ(၀.၁၄)ဘီလီယံကျပ် ရရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို သတ်မှတ်ရာတွင် ကုမ္ပဏီမှ First Myanmar Investment Co., Ltd (FMI)မှ ဝယ်ယူထားသောအစုရှယ်ယာများကို ယခုဘဏ္ဍာရေးနှစ် စာရင်းပိတ်ချိန်ရှိ အစုရှယ်ယာဈေးကွက်တွင် ဖော်ပြထားသည့် ဈေးနှုန်းနှင့်အညီ တန်ဖိုးပြန်လည် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)

| | April '2023 to September'2023 | April '2022 to September'2022 | % Change |
|---|---:|---:|---:|
| **Assets** | | | |
| Non-Current Assets | 2,427,164 | 2,417,763 | 0.39% |
| Current Assets | 12,783,519 | 12,894,867 | -0.86% |
| **Total Assets** | **15,210,683** | **15,312,629** | **-0.67%** |
| **Equity & Liabilities** | | | |
| Equity | 14,064,478 | 13,582,290 | 3.55% |
| Current Liabilities | 1,146,205 | 1,730,340 | -33.76% |
| **Total Equity & Liabilities** | **15,210,683** | **15,312,629** | **-0.67%** |

လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများနှင့် ပတ်သတ်၍ ကန်ထရိုက်တာများထံသို့ ကြိုတင်ပေးချေထားသော ငွေများသည် စီမံကိန်းလုပ်ငန်းများ ပြီးစီးသည့်အချိန်တွင် စရိတ်အဖြစ် ပြောင်းလဲ စာရင်းရေးသွင်းရခြင်းကြောင့် လက်ငင်းရပိုင်ခွင့်သည် ၂၀၂၃ခုနှစ်၊ စက်တင်ဘာ(၃၀)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ်ငွေ(၁၂.၇၈)ဘီလီယံသာ ရှိခဲ့ပြီး ယခင်ဘဏ္ဍာရေးနှစ်ဝက်ထက် (၀.၈၆)ရာခိုင်နှုန်း လျော့နည်းသွားပါသည်။ လက်ငင်းမဟုတ်သော ရပိုင်ခွင့်သည် အစုစပ်ကုမ္ပဏီ၏ ခွဲဝေအမြတ်ငွေကြောင့် ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်ဝက်သည် ယခင်ဘဏ္ဍာရေးနှစ်ဝက်ထက် (၀.၃၉)ရာခိုင်နှုန်း ပြောင်းလဲလာခြင်း ဖြစ်ပါသည်။

ကြိုတင်ရငွေများသည် စီမံကိန်းလုပ်ငန်းများ ပြီးစီးသည့်အချိန်တွင် ဝင်ငွေအဖြစ် ပြောင်းလဲ စာရင်းရေးသွင်းခဲ့ရခြင်းကြောင့် လက်ငင်းပေးရန်တာဝန်သည် ယခင်(၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ်ငွေ(၁.၇၃)ဘီဘီယံမှ ယခု(၂၀၂၃-၂၄) ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ်ငွေ(၁.၁၅)ဘီလီယံသို့ ပြောင်းလဲခဲ့ပါသည်။

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: www.tmhtelecom.com**

**သုံးသပ်ချက်နှင့်အလားအလာ**

ကျွန်တော်များ တီအမ်အိတ်ချ် တယ်လီကွမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ စီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များသို့ တင်ပြလိုသည်မှာ ယခု ဘဏ္ဍာနှစ် (၂၀၂၃-၂၀၂၄) ၏ နှစ်ဝက် ဘဏ္ဍာရေးရှင်းတမ်းပါ အချက်အလက်များအရ ကုမ္ပဏီသည် ယခုဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေး ရလဒ်ကောင်းများဘက်သို့ ဦးတည်လာနေသသည်ကို တွေ့မြင်ရပါသည်။

ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များနှင့် ကုမ္ပဏီ၏ အကျိုးသက်ဆိုင်သူများ အားလုံးအတွက် လက်ရှိရလဒ်များကို ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဝန်ထမ်းများနှင့် လုပ်ငန်းဆောင်ရွက်သူများအားလုံးနှင့်အတူ စဉ်ဆက်မပြတ် ထိတွေ့ဆောင်ရွက်ခြင်း၊ လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကြားမှပင် လုပ်ငန်းတွင်းဆိုင်ရာ အားနည်းချက် ၊ အားသာချက်များကို စိစစ်လေ့လာခြင်းတို့ကို အစဉ်တစိုက် ဖြည့်စွက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နောင်ဘဏ္ဍာနှစ်များတွင် အကျိုးစီးပွား သက်ဆိုင်သူများ အားလုံးအတွက် ပိုမိုကောင်းမွန်သော ရလဒ်များကို ရရှိစေရန် အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၃ခုနှစ် ၊ ဒီဇင်ဘာလ (၂၉)ရက်။

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: www.tmhtelecom.com**